တောစိမ့်ကျေးရွာ

စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၉- ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောစိမ့်ကျေးရွာ၊ စလင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ မတ်လ

စဉ်　　　　　　　　　　　　　　　　　　　　အကြောင်းအရာ


စကားချီး
တောစိမ့်ကျေးရွာသယံဇာတပြမြေပုံ၊ စလင်းမြို့နယ်
၁။ တည်နေရာနှင့် ပထဝီဝင်နေအထား　၂
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ　၂
၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်　၂
၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ　၃

(က)သီးနှံစိုက်ပျိုးရေး　၃

( ခ )မွေးမြူရေးလုပ်ငန်း　၃

( ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ　၃

(ဃ)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု　၄

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ　၄
(က) ကျေးလက်သယ်ယူပို့ဆောင်ရေး　၄
(ခ ) ကျေးရွာမီးလင်းရေး　၄
(ဂ ) သတင်းနှင့် ဆက်သွယ်ရေး　၅
၆။ ပညာရေး　၅
၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး　၅
၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး　၅
၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ　၆
၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ　၆
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား
နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)
နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂)
နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃)

စကားချီး

ကျွန်ုပ်တို့ တောစိမ့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက် ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင် ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တောစိမ့်ကျေးရွာ

စလင်းမြို့နယ်

## တောစိမ့်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ စလင်းမြို့နယ်



**၁။ တည်နေရာနှင့် ပထဝီအနေအထား**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ တောစိမ့်ကျေးရွာအုပ်စု၊ တောစိမ့် ကျေးရွာသည် မြန်မာပြည်အလယ်ပိုင်းတွင်တည်ရှိပြီး အရှေ့ဘက်တွင် ကန်ရွာကျေးရွာနှင့် လက်ပကန်ကျေး ရွာ ၊ အနောက်ဘက်တွင် တပ်ရင်း-၃ရှိပြီး၊ တောင်ဘက်တွင် အောင်သပြေကွက်သစ်နှင့် အောင်ချမ်းသာကွက်သစ်၊ မြောက်ဘက်တွင် ကျစ်ကန်ကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ တောစိမ့်ကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်အနေအထားတွင် တည်ရှိပြီး စလင်း–မင်းဘူးလမ်းမကြီးပေါ်တွင်ရှိပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

တောစိမ့်ကျေးရွာ၏ ရာသီဥတုမှာ ပူပြင်းခြောက်သွေ့သောရာသီဥတုဖြစ်ပါသည်။ တောစိမ့် ကျေးရွာသည် စပါး၊ နှမ်း စသည့်သီးနှံများ အဓိကစိုက်ပျိုးသော ဒေသဖြစ်ပါသည်။ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သောကြောင့် သဘာဝပေါက်ပင်များမှာ ထန်း၊ မန်ကျည်း၊ဇီး၊ တမာ၊ ရှား၊ ထနောင်း၊ ကုက္ကို စသည့် အပင်များပေါက်ရောက်သည်။သစ်ပင်များကို ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် သစ်ပင်များ လျော့နည်းလာပါသည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်**

တောစိမ့်ကျေးရွာအတွင်းဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့(၇)ဖွဲ့ ဖွဲ့စည်းထားပါသည်။ ကျေးရွာတွင်ဖွဲ့စည်း ထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်ကာလသားအဖွဲ့၊ ဝတ်အသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့တို့ရှိကြပါသည်။ ၎င်းအဖွဲ့များသည် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းရှိကြပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများ ရေရှည်ရှင်သန်၍ အောင်မြင် ဖြစ်ထွန်းမှုရှိလာအောင် သင်တန်းများ ဟောပြောပွဲများ ကျင်းပခြင်းဖြင့် စွမ်းဆောင်ရည်ပို၍ မြင့်မားလာမည်ဖြစ်ပါသည်။ မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာ နှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်၊ ကျန်းမာရေး၊ လဝကစသည့်ဌာတို့နှင့်ချိတ်ဆက်မှုရှိခြင်း တို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အကူအညီများကို ရရှိခဲ့ပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပက်မြန်မာအသေးစားငွေစုငွေချေးလုပ်ငန်းမှာလည်းအသင့်အတင့်ကောင်းမွန်ပါသည်။ယခု အခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီးကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်း ပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။

ဤကော်မတီအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေး ပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင် ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က)သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေး လုပ်ငန်းများဖြစ်ကြပြီး စပါး၊ နှမ်းများကိုသာ စိုက်ပျိုးပြီး ဝင်ငွေအသင့်အတင့် ရရှိပါသည်။ စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၆၀)တင်းဖြစ်ပြီး၊ နှမ်း တစ်ဧက ပျမ်းမျှ အထွက်နှုန်းမှာ (၈)တင်းဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

စိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကိုလည်းလုပ်ကိုင်ကြ ပါသည်။ နွားမွေးမြူရေးကို အိမ်ထောင်စု(၉၂)စုတွင် အကောင်ရေ(၂၆၁)ကောင်၊ ကြက်မွေးမြူရေးကို အိမ်ထောင်စု (၁၄၈)စုတွင် အကောင်ရေ(၁၂၃၁)ကောင်ခန့် မွေးမြူလျှက်ရှိပါသည်။ တိရစ္ဆာန်များအတွက် မွေးမြူရေးနည်းပညာဝန်ဆောင်မှုများ ရရှိအောင် စလင်းမြို့နယ် မွေးမြူရေးနှင့် ကုသဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာ၏ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အိမ်ဈေးဆိုင်များ၊ ခေါင်းရွက်သည်များ စသည့်လုပ်ငန်းများလုပ်ကိုင်ကြရပါသည်။ကျေးရွာတွင် အလုပ် လုပ်နိုင်သော ဦးရေများပြားသောကြောင့် ဝင်ငွေအသင့်အတင့် ရရှိပါသည်။ မြို့ပြများတွင် အသက် မွေးဝမ်းကျောင်းသင်တန်းလုပ်ငန်းများ ရှိပါသည်။ အဆိုပါ သင်တန်းထူထောင်ရန် ငွေကြေးမတတ် နိုင်သောကြောင့် သင်တန်းများနှင့် ဝေးကွာကြရပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးပါသော ကျေးလက်ဦးစီးဌာန နှင့် ပြင်ပအဖွဲ့အစည်းများ ဖြစ်သော အဖွဲ့များ၏ အကူအညီဖြင့် ဖွင့်လှစ် ပေးစေလိုပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ် အတိုးနှုန်း (၈၀)ပြားတိုးဖြင့် စိုက်ပျိုးစရိတ်ချေးငွေကို ချေးယူရရှိပါသည်။ လယ်ဧက အများကြီးရှိ သော်လည်း (၁၀)ဧကအတွက်သာ ချေးယူနိုင်ပါသည်။ ကျေးရွာတွင် ပက်မြန်မာ အသေးစားငွေစုငွေချေးမှ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် (၁၄)ရက်တစ်ပတ်ကို အတိုးနှုန်း (၂)ကျပ်ဖြင့် ချေးပါသည်။ ကျေးရွာသူ ကျေးရွာသားများသည် စားဝတ်နေရေးအတွက်ကိုသာ အများဆုံး ချေးယူကြသည်။

## ၅။ **အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာအဝင်လမ်းသည် မြေနီကျောက်စရစ်လမ်းဖြစ်သော်လည်း နေ့စဉ်အသုံးပြုသူများပြီးပြုပြင် ထိန်းသိမ်းမှုနည်းခြင်းကြောင့် မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုမှာ စလင်းမြို့သို့(၅)မိုင် ခန့်ကွာဝေးပြီး သယ်ယူပို့ဆောင်ရေးမှာ ကုန်းလမ်းဖြစ်သောကြောင့် ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာရောင်းချရာတွင် လွယ်ကူမှုရှိပါသည်။သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်(၃၀၇)စီး၊ သုံးဘီးဆိုင်ကယ်(၈)စီး၊ ထော်လာဂျီ(၁၄)စီး၊ နွားလှည်း(၈၃)စီးရှိပါသည်။

(ခ)ကျေးရွာ မီးလင်းရေး

ကျွန်တော်တို့ တောစိမ့်ကျေးရွာသည်(၂၀၁၀)ခုနှစ်မှစ၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် လျှပ်စစ်မီး ရရှိပြီးဖြစ်ပါသည်။ ကိုယ်ထူကိုယ်ထမီးလင်းရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြသော်လည်း လျှပ်စစ်မီး ကို ရွာသူရွာသားတိုင်း မရကြပေ။ အဆင်ပြေသော အိမ်ထောင်စုများသာ လျှပ်စစ်မီးရရှိပြီး အဆင်မပြေသော အိမ်ထောင်စုများမှာလျှပ်စစ်မီးမရကြပေ။ မီးလင်းရေးကော်မတီနှင့် ကျေးရွာလူထုတို့ပူးပေါင်းပါဝင်မှုဖြင့် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေဖြင့် ၂၀၀ ကေဗွီ ၊ ကွန်ကရစ်တိုင် (၄၅)လုံး ကေဘယ်ကြိုး(95) (၅၄၀)ပေ ရရှိခဲ့ပါသည်။ ယခုအခါမီးရသူတိုင်းမှာ နိုင်ငံတော်လျှပ်စစ်မီး အားကို ပြည့်ဝစွာခံစားကြပါသည်။ လျှပ်စစ်မီး ကောင်းမွန်သဖြင့် သံဂဟေဆက်လုပ်ငန်းများ၊ ကွန်ပျူတာစာစီစာရိုက်လုပ်ငန်းများ၊ ဆန်စက်လုပ်ငန်းများ၊ တီဗွီ၊ စလောင်း၊ ဖုန်း၊ လျှပ်စစ်မီးနှင့်ရေတင် မှုများ ကိုလည်း အသုံးချရ ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

TV၊ရေဒီယို၊စလောင်းများ ရှိသည့်အတွက် သတင်းများလက်လှမ်းမီ မှုရှိပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်သည်။ တောစိမ့်ကျေးရွာတွင် တယ်လီဖုန်း(၅၅၅)လုံး၊ ရေဒီယို(၂)လုံး၊ TV(၂၁၁)လုံး၊ စလောင်း(၁၈၆)လုံး ရှိပါသည်။

## ၆။ ပညာရေး

ကျွန်ုပ်တို့တောစိမ့်ကျေးရွာသည် အခြေခံပညာအထက်တန်းကျောင်းခွဲကျောင်းရှိပါသည်။ကျောင်း သား/သူဦးရေ(၅၈၀)ကျော်ရှိပြီး ကျောင်းဝိုင်းမြေကျဉ်းခြင်း၊ ကျောင်းဆောင်နည်းခြင်းတို့ကြောင့် ပညာရေး ကိုခက်ခဲစွာ သင်ကြားနေရပါသည်။ ကျေးရွာလူထုအများစုမှာ အားလုံးနီးပါးမှျ မူလတန်းပြီးမြောက်ကြပြီး စာမတတ်သူနည်းပါးလှသည်။ ဇတန်း၊၁၀တန်းပညာရေးကို ရွာနှင့်(၈)မိုင်(၂)ဖာလုံခန့်ကွာဝေးသည့် စလင်းမြို့သို့ သွားရောက်ပညာသင်ကြားရပါသည်။ အထက်တန်းပြီးမြောက်သူများနှင့် ဘွဲ့ဒီဂရီရရှိသူများ၊ အစိုးရတာဝန်ထမ်းဆောင်သူများလည်း အမြောက်အများပေါ်ထွက်နေပြီဖြစ်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်ုပ်တို့တောစိမ့်ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ကျန်းမာရေးဝန်ထမ်းများမှ လည်း လစဉ်ကာကွယ်ဆေးထိုးခြင်းနှင့် အိမ်သာများကိုလည်းလိုက်လံစစ်ဆေးဆောင်ရွက်ပါသည်။ ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးသည့်အပြင် အာဟာရ ပြည့်ဝမှုရှိကြပါသည်။ ကျေးရွာသူ/သားတို့သည် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြပါသည်။ ၅နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးများလည်း ထိုးပေးမှုများလည်းရှိပါသည်။ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးခိုင် ကာကွယ်ဆေးနှင့် အခြားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် နှစ်ပတ်လည် ရေလုံလောက်မှု ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုမှာ အိမ်သာကို ယင်လုံအိမ်သာ ဆောက်လုပ်ထားကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုနှင့် ဆင်းရဲသော အိမ်ထောင်စုများမှာ ဝါးထရံကာဖြင့် ဆောက်လုပ် သုံးစွဲကြသည်။ တစ်ရွာလုံး နီးပါးမှာ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ဝမ်းပျက်၊ ဝမ်းလျော ရောဂါဖြစ်ပါပွားမှုမှာ နည်းပါးသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေများနှင့်ပတ်သက်၍ အောက်ဖော် ပြပါ အကြောင်းအရာတို့ကို ကျေးရွာအတွင်း တွေ့ကြုံနေရပါသည်။တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်ခြင်း တိရိစ္ဆာန်များတွင် အပူလွန်ရောဂါ၊ ခွာနာလျှာနာရောဂါဖြစ်ပွားမှု များပြားလာခြင်းဖြစ်ပါသည်။ မြေဆီလွှာခမ်းခြောက်ခြင်း၊ ဓာတုဓာတ်မြေဩဇာများ အသုံးပြုမှု များလာ သောကြောင့် တဖြေးဖြေး မြေဆီလွှာခမ်းခြောက်မှုနှင့် ကြုံတွေ့ရပါသည်။

၉။ ကျား မ ရေးရာ

ကျွန်တော်တို့ ကျေးရွာတွင် ကျား-မတန်းတူ မရှိသေးပါ။ ကျေးရွာတွင် လူငယ်များအဖွဲ့မှ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာလုပ်ဆောင်ကြပါသည်။ အမျိုးသား၊ အမျိုးသမီးအဖွဲ့များမှ ကျေးရွာ၏ သာရေးနာရေးလုပ်ငန်းများတွင် လုပ်ဆောင်ကြပါသည်။ အမျိုးသမီးများအပေါ်တွင် အကြမ်းဖက်မှုများလည်း မရှိပါ။ ပညာရေးနှင့် လုပ်ငန်းအချို့တွင် အခွင့်အရေးတူညီစွာ ရရှိပါသည်။ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာရေး များတွင်လည်း အမျိုးသမီးများက ပို၍များပါသည်။ ကျေးရွာတွင် နေ့ထွက်လုပ်အားခမှာ အမျိုးသားများက ပိုများ၍ ငွေရကြပါသည်။ ကျေးရွာတွင်းဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် ယခင်က အမျိုးသားများသာ အဓိကပါဝင်ကြပြီး ယခုအခါ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများအား ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

# တောစိမ့်ကျေးရွာ၊ တောစိမ့်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးစောလှိုင် | ဦးညွန့် | ၈/စလန(နိုင်)၀၉၃၄၄၀ | ၅၈ | ဥက္ကဋ္ဌ | | ငွေထုတ် |
| ၂ | ဦးမြင့်ခိုင် | ဦစံသိန်း | ၈/စလန(နိုင်)၀၅၃၈၅၉ | ၄၆ | အတွင်းရေးမှူး | | ငွေထုတ် |
| ၃ | ဒေါ်သီတာဝင်း | ဦးနက် | ၈/စလန(နိုင်)၀၉၃၄၁၅ | ၄၇ | ဘဏ္ဍာရေးမှူး | | |
| ၄ | ဦးဌေးလွင် | ဦးဟံတင် | ၈/စလန(နိုင်)၀၆၄၂၂၂ | ၄၇ | စာရင်းကိုင် | | |
| ၅ | ဦးကျော်ဆန်း | ဦးငွေသောင်း | ၈/စလန(နိုင်)၀၆၉၁၁၈ | ၄၄ | အဖွဲ့ဝင် | | ငွေထုတ် |
| ၆ | ဦးသန်းစိုး | ဦးကျော် | ၈/စလန(နိုင်)၀၅၃၇၈၄ | ၆၂ | အဖွဲ့ဝင် | | |
| ၇ | ဦးဇော်ဝင်းမောင် | ဦးလှထွန်း | ၈/စလန(နိုင်)၁၁၄၄၂၂ | ၃၄ | အဖွဲ့ဝင် | | |
| ၈ | ဒေါ်ချစ်ချစ်သန်း | ဦးအောင်မြင့် | ၈/စလန(နိုင်)၀၉၃၆၇၁ | ၄၆ | အဖွဲ့ဝင် | | |
| ၉ | ဒေါ်ဇင်မာချို | ဦးဝင်းဖေ | ၈/စလန(နိုင်)၀၂၆၉၀၃ | ၃၄ | အဖွဲ့ဝင် | | |

## တောစိမ့်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံကိန်းလုပ်ငန်းများ

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်။ | ၁ | √ | | | | |
| ၂ | စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်။ | ၂ | | √ | | | |
| ၃ | ကုန်ထုတ်လမ်းဖောက်လုပ်ရန်။ | ၃ | | | √ | | |
| ၄ | ကျန်းမာရေးဆေးပေးခန်းခြံစည်းရိုးကာရန်။ | ၄ | | | | √ | |
| ၅ | မီးသတ်ကား ဝယ်ယူရန်။ | ၅ | | | | | √ |

## မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တောစိမ့်ကျေးရွာအုပ်စု၊ တောစိမ့်ကျေးရွာ
## ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာအခက်အခဲ | ဖြစ်ရသည့် အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းများ | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ ပျက်စီးနေခြင်း။ | မြေသားလမ်းဖြစ်နေခြင်း။<br>ပြုပြင်ထိန်းသိမ်းနိုင်မှုအား နည်းခြင်း။<br>မိုးရာသီတွင်ရွှံ့ဗွက်များဖြင့် သွားလာရခက်ခဲခြင်း။ | ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများရှိခြင်း။<br>ကုန်ကြမ်းလက်လှမ်းမီခြင်း။<br>စက်ယန္တရားများလက်လှမ်း မီခြင်း။ | ရန်ပုံငွေအားနည်းခြင်း။<br>နည်းပညာအားနည်းခြင်း။<br>အဖွဲ့အစည်းများနှင့်ချိတ် ဆက်မှုအားနည်းခြင်း။ | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>ကျေးရွာမှပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | ကျေးရွာတွင်းလမ်းများမြေနီ ခင်းခြင်းလုပ်ငန်းဆောင်ရွက် ရန်။ |
| ၂ | အ.ထ.က ခွဲစာသင်ကျောင်း ဆောင်မှုတမှုမရှိခြင်း။ | စာသင်ကျောင်းဆောင်မလုံ လောက်ခြင်း။ | ကျေးရွာတွင်ဖွံ့ဖြိုးရေးအဖွဲ့ စည်းများရှိခြင်း။<br>ကျောင်းဆောင်သစ်ဆောက် လုပ်ရန် မြေနေရာရှိခြင်း။ | ရန်ပုံငွေအားနည်းခြင်း။<br>နည်းပညာအားနည်းခြင်း။<br>အဖွဲ့အစည်းများနှင့်ချိတ် ဆက်မှုအားနည်းခြင်း။ | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>ကျေးရွာမှပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | အ.ထ.က ခွဲစာသင်ကျောင်း ဆောင်သစ်ထပ်တိုးတည် ဆောက်ရန်။ |
| ၃ | စိုက်ပျိုးရေး ကုန်ထုတ် လမ်း ပျက်စီးနေခြင်း။ | မြေသားလမ်းဖြစ်နေခြင်း။<br>ပြုပြင်ထိန်းသိမ်းနိုင်မှုအား နည်းခြင်း။<br>မိုးရာသီတွင်ရွှံ့ဗွက်များဖြင့် သွားလာရခက်ခဲခြင်း။ | ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများရှိခြင်း။<br>စိုက်ပျိုးရေး ကုန်ထုတ်ပစ္စည်း များ လွယ်ကူစွာသယ်ယူပို့ ဆောင်နိုင်ခြင်း။ | ရန်ပုံငွေအားနည်းခြင်း။<br>နည်းပညာအားနည်းခြင်း။ | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>ကျေးရွာလူထုမှပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း။ | စိုက်ပျိုးရေး ကုန်ထုတ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်င န်းဆောင်ရွက်ရန်။ |
| ၄ | ကျေးရွာတွင်အခြေခံကျန်း မာရေးဆေးပေးခန်း ခြံ စည်းရိုး ကာရန်လို အပ်ခြင်း။ | ကျန်းမာရေးဆေးပေးခန်း တွင် ခြံစည်းရိုးအကာအ ကွယ်မရှိခြင်း။ | ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများရှိခြင်း။ | ရန်ပုံငွေအားနည်းခြင်း။<br>နည်းပညာအားနည်းခြင်း။<br>ပညာရေးဌာနမှ ခွင့်မပြု သေးခြင်း။ | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>ကျေးရွာလူထုမှပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း။ | ကျန်းမာရေး ဆေးပေးခန်း ခြံစည်းရိုးကာခြင်းလုပ်ငန်း ဆောင်ရွက်ရန်။ |
| ၅ | ကျေးရွာ မီးဘေးလုံခြုံနိုင် ရေးအတွက် မီးသတ်ကား ဝယ်ယူရန်လိုအပ်ခြင်း။ | ကျေးရွာတွင် မီးဘေးကြုံတင် ကာကွယ်နိုင်ရန် မီးသတ် ကားများမရှိခြင်း။ | ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများရှိခြင်း။<br>ကျေးရွာလူထုပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခြင်း။ | ရန်ပုံငွေအားနည်းခြင်း။<br>နိုင်ငံတော် စီမံချက် စောင့် ဆိုင်းနေရခြင်း။ | ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆေးပေးခန်း ရရှိရေးဆောင်ရွက်ခြင်း။<br>သက်ဆိုင်ရာအဖွဲ့အစည်း များနှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း။<br>ကျေးရွာလူထုမှပူးပေါင်းပါ | မီးသတ်ကား ဝယ်ယူရန်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - တောစိမ့်ကျေးရွာ

ကျေးရွာအုပ်စု - တောစိမ့်

မြို့နယ် -စလင်း

တိုင်းဒေသကြီး / ပြည်နယ် - မကွေး

စီမံချက်အမည် - ကျေးရွာတွင်းလမ်းများမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်။

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင် ဗွက်များဖြစ်ပေါ်၍ သွားလာ ရခက်ခဲနေသောကြောင့် ။

စီမံချက်ရည်ရွယ်ချက်

ကျေးရွာတွင်းလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့်တစ်နှစ်ပတ်လုံးသွားလာရလွယ်ကူလာမည် ဖြစ်ပါသည်။

မျှော်မှန်း အကျိုးရလဒ်

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက ကျေးရွာရှိ ရွာသူ/သားများ ကျောင်းသူ/သားများ အားလုံး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါသည်။ ကျေးရွာထွက် ကုန်ထုတ်ပစ္စည်းများလည်း အဆင်ပြေစွာ ရောင်းချနိုင်မည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း

မြေနီကျောက်စရစ်လမ်း လမ်းအရှည် ၅၅၀၀' ၊အကျယ် ၁၂' ၊ထု ၆" ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ၁၀၀၀၀၀၀၀(ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၇၉၆ | ၈၇၀ | ၁၆၆၆ | ၄၇ | ၄၆ | ၁၅၃ | ၁၇၃ | ၄၁၉ |
| **အကျိုးခံစားမည့် ဦးရေ** | ၇၉၆ | ၈၇၀ | ၁၆၆၆ | ၄၇ | ၄၆ | ၁၅၃ | ၁၇၃ | ၄၁၉ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ |
| (၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) - ၂၀၂၀ပြည့်နှစ်၊ မတ်လ |
| (၃) စီမံချက် ပြီးစီးမည့်အချိန် - ၂၀၂၀ပြည့်နှစ်၊ ဧပြီလ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်- လုပ်အားထည့်ဝင်နိုင်အောင် ပူးပေါင်း<br>ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ- ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ကျေးရွာသူ/သားများ ဦးဆောင်၍ ဆောင်ရွက်မည်ဖြစ် ပါသည်။ |

**လက်မှတ်**

**ဥက္ကဋ္ဌ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**အဆိုပြုစီမံချက် အကြောင်းအရာများ ဆန်းစစ်ချက်**

**စီမံချက်အမည် -** ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်း

**ကျေးရွာ -** တောစိမ့် **မြို့နယ်** -စလင်း **ပြည်နယ်/တိုင်း** -မကွေး

**(က) အကျိုးသက်ရောက်မှု ဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| လူအများကို အကျိုးပြုသလား | ✔ | | |
| ဆင်းရဲသားများ အကျိုးခံစားရသလား | ✔ | | |
| စီမံကိန်းရည်မှန်းချက် ရောက်ရှိနိုင်သလား | ✔ | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သား

များနှင့် ကျောင်းသား/သူများ ရာသီမရွေး သွားလာရေး အဆင်ပြေမည်ဖြစ်ပါသည်။ ကျေးရွာမှ ကိုယ်တိုင် ဆောင်ရွက်ရသည့်အတွက် လုပ်ငန်းအတွေ့အကြုံများ ရရှိပါသည်။

**(ခ) ဘဏ္ဍာရေးဆိုင်ရာ စံနှုန်း**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| အဆိုပြုရန်ပုံငွေပမာဏသည် လုပ်ငန်းအတွက် သင့်တော်သည့် ပမာဏ ဖြစ်သလား | ✔ | | |
| ဘတ်ဂျက်တွင်ဖော်ပြထားသော အသုံးစရိတ်အမျိုးအစားများသည် လုပ်ငန်းနှင့် ဆီလျော်ရဲ့လား | ✔ | | |
| တစ်ယူနစ် တန်ဖိုးဖော်ပြထားသလား | ✔ | | |
| ကျား/မ လုပ်အားခ တန်းတူ သတ်မှတ်ထားသလား | ✔ | | |
| အသုံးစရိတ်အကြောင်းအရာ တစ်ခုချင်း၏ တစ်ယူနစ်တန်ဖိုးသည် လက်ရှိပေါက်ဈေးနှင့် ကိုက်ညီသလား | ✔ | | |

**သုံးသပ်တွေ့ရှိချက်များ**

အဆိုပြုရန်ပုံငွေပမာဏမှာ ဒေသအသုံးစရိတ်၊ ဒေသလုပ်အားခများနှင့် ကိုက်ညီမှုရှိပြီး ဒေသန္တရ အခြေအနေပေါ်မူတည်၍ လုပ်ငန်းအတွက်သင့်တော်သည်ဟု သုံးသပ်တွေ့ရှိရပါသည်။

**(ဂ) နည်းပညာ ဆိုင်ရာ**

| | ရှိ | မရှိ | မသိ |
|---|---|---|---|
| နည်းပညာဆိုင်ရာအရ ဖြစ်နိုင်ခြေရှိရဲ့လား | ✔ | | |
| ဤလုပ်ငန်းဆောင်ရွက်ရန် ကျေးရွာလူထုတွင် အတွေ့အကြုံရှိရဲ့လား | ✔ | | |
| လုပ်ငန်းလုပ်ဆောင်ရန်အတွက် လူ့အရင်းအမြစ်နှင့် ပစ္စည်းရရန် လွယ်ကူမှု ရှိရဲ့လား | ✔ | | |
| ပြုပြင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ရေး အစီအစဉ်ရှိရဲ့လား | ✔ | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာမှမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွေ့အကြုံများရှိသဖြင့်နည်းပညာ အခက်အခဲမရှိပါ။ ကျေးရွာမှ နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ဥစ္စာခနအဆင့် အလိုက် ကောက်ခံဆောင်ရွက်သွားမည်။

**(ဃ) လူမှုရေးဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းသည် အမျိုးသမီးများကို အကျိုးပြုမည်လား | ✔ | | |
| စီမံကိန်းသည် ထိခိုက်သက်ရောက်လွယ်သော အုပ်စုကို အကျိုးပြုမည်လား | ✔ | | |
| စီမံကိန်းကြောင့် အစုအဖွဲ့တစ်ခုခုကို ထိခိုက်မည်လား | | ✔ | |
| | | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ အမျိုးသမီး နှင့် ထိခိုက်သက်ရောက်လွယ်သောအုပ်စုများ အကျိုးပြုမှုများရှိပါသည်။

### (င) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိမည်လား | | ✔ | |
| ထိခိုက်နိုင်မှုများအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများ ရှိရဲ့လား | | ✔ | |

**သုံးသပ်တွေ့ရှိချက်များ**

စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ပါ။ ကြိုတင်ကာကွယ်ရန်လည်း မလိုအပ်ပါ။

**ဆုံးဖြတ်ချက်**

| ဆုံးဖြတ်ချက် | ရှင်းလင်းဖော်ပြချက် |
|---|---|
| • အတည်ပြု | |
| • ပြင်ဆင်ရန် | |
| • ပယ်ချ | |

**စဉ် အမည် တာဝန် လက်မှတ်**

(၁)

(၂)

(၃)

နောက်ဆက်တွဲ ပုံစံ(၃)

## ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးခြင်းဆိုင်ရာ သဘောတူညီချက်

| | |
|---|---|
| ဖွံ့ဖြိုးရေးလုပ်ငန်းအမည် | ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်း |
| ကျေးရွာ | တောစိမ့် |
| ကျေးရွာအုပ်စု | တောစိမ့် |
| မြို့နယ် | စလင်း |
| ပြည်နယ်/တိုင်းဒေသကြီး | မကွေး |
| ရက်စွဲ | ၃-၃-၂၀၂၀ |

လွှဲပြောင်းပေးမည့် ငွေပမာဏ (ဂဏန်းဖြင့်)၁၀၀၀၀၀၀၀ိ/(စာဖြင့်) ကျပ်သိန်းတစ်ရာတိတိ

တောစိမ့်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်သက်ဆိုင်ရာဦးစီးဌာနတို့သည် အောက်ဖော် ပြပါအတိုင်း သဘောတူညီကြ ပါသည်။

၁။ သက်ဆိုင်ရာဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဘဏ်စာရင်းသို့ ဤသဘောတူ လက်မှတ် ရေးထိုးပြီး (၂) ပတ်အတွင်း အထက်တွင် ဖော်ပြထားသော ငွေပမာဏကို လွှဲပေးပါမည်။

၂။ ဖွံ့ဖြိုးရေးရန်ပုံငွေကို အတည်ပြုထားသည့် အဆိုပြုလုပ်ငန်းမှတပါး အခြားလုပ်ငန်းများတွင် မသုံးရ။

၃။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်၍ ရိုးသားပွင့်လင်းစွာ ဆောင်ရွက်ရပါမည်။

၄။ သက်ဆိုင်ရာဦးစီးဌာနက ပြဌာန်းသည့် လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရပါမည်။

| | |
|---|---|
| မြို့နယ်ဦးစီးမှူး | ဥက္ကဌ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၀ | ၁၃ | ၃၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၄ | ၁၉ | ၅၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇၄ | ၅၁ | ၁၂၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၈ | ၂၆ | ၆၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၀၈ | ၇၃၃ | ၁၃၄၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၂၈ | ၅၀ |
| **စုစုပေါင်း** | | **၇၉၆** | **၈၇၀** | **၁၆၆၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၁၉** | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ လူဦးရေ၏ (၈၀%)သည် အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သည့် အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားနေကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၄၇ | ၃၆၁ | ၀ | မြင့် ☐ လတ်☐ နိမ့်✔ |
| | အလုပ်သမား / ဝန်ထမ်း | ၁၇၂ | ၂၁၄ | ၀ | မြင့် ☐ လတ်☐ နိမ့်✔ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့်✔ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၀ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်✔ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့် ☐ လတ်- နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၀ | မြင့် ☐ လတ်-နိမ့် ☐✔ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်✔နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်-နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | | မြင့် ☐ လတ်✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀၀ | ၁၅၀၀၀ | ၅၀၀၀၀ | ၁၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀၀ | ၄၀၀၀ | ၆၀၀၀၀ | ၄၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ | နေ့စား | ၅၀၀၀၀ | ၅၀၀၀ | ၀ | ၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ဝ | ဝ | ဝ | ဝ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လုပ်ငန်းအမျိုးအစား(၄)မျိုး ရှိသည်ကို တွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခမှာ(၆၀၀၀)ကျပ်နှင့် အနည်းဆုံး လုပ်အားခမှာ(၅၀၀၀)ကျပ်ဖြစ်သည်။ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ (၄၀၀၀)ကျပ် ဖြစ်ပြီး အနည်းဆုံး လုပ်အားခမှာ(၁၅၀၀)ကျပ်ဖြစ်ပါသည်။ လုပ်အားခအနေဖြင့်ကျား/မတန်းတူ မျှတမှုရှိသည်ကို တွေ့ရသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၈၃၀ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၇ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၈၄၇** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ လယ်မြေများကို ဆည်ရေသောက်စနစ်ဖြင့် စပါးနှင့် သီးထပ်ကုလားပဲစိုက်ပျိုးကြပြီး ယာမြေများကို နှမ်းနှင့်ပဲမျိုးစုံ စိုက်ပျိုးကြ သည်ကိုတွေ့ရှိရပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐✔ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်✔ နည်း ☐ မရှိ ☐ | လွယ်☐✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐✔ နည်း မရှိ ☐ | လွယ် ☐✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐✔ မရှိ - | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၄၇ | ၄၆ | ၁၅၃ | ၁၇၃ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။တောစိမ့်ကျေးရွာတွင်ရှိသော အိမ်ထောင်စု စုစုပေါင်း၏ (၁၀%)သည် ကျပန်း လုပ်ကိုင်ကြသည့်အတွက် လုပ်သားအင်အားအသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၅ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၂၅<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ဝ | အခြားအစားပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ဝ<br>ချေးယူ =ဝ<br>လုပ်အားခကြိုယူ = ဝ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃ဝ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။**

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ဝ | ဝ | ဝ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ဝ | ဝ | ဝ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ဝ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ဝ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ဝ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**

### (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်✔ ရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ✔ နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ✔ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐✔ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ✔ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ✔ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။သဘာဝရင်းမြစ်ရှားပါးမှုတွင် မြေဆီလွှာပျက်စီးမှုနှင့် ရာသီဥတုဖောက်ပြန်မှု တို့ကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ အပူပိုင်းဒေသဖြစ်သောကြောင့် မိုးခေါင်မှုများဖြစ်သည်။ မီးဘေးမှာလည်းအချိန်မရွေးကျရောက်နိုင်သောကြောင့် ထိခိုက်လွယ်မှုဖြစ်သည်။ ရာသီအကူးအပြောင်းတွင် ခွာနာလျှာနာ ၊ ပေါင်ပုပ်လက်ပုပ်နှင့် လေးဖက်နာ ရောဂါများ နွားများတွင် ကျရောက်တတ်ပါသည်။

**၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| **စဉ်** | **ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်သက်ရောက်လွယ်မှုခံရနိုင်သော လူအုပ်စုများတွင် လူငယ်၊

အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ လက်လုပ်လက်စားကျပန်းများ၊ ဆင်းရဲသားများ ၊ လှည့်လည်သွားလာ၍ဈေးရောင်းသူများ၊ ကားမောင်းပြီး အသက်မွေးသူများသည်ထိခိုက်လွယ်မှု အနည်းငယ်ရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂✔ ၃☐ | ၁၅ | ၄ | ၁၉ | ပညာရေး ✔ ငွေကြေး ✔<br>ကျန်းမာရေး ✔<br>ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂✔ ၃☐ | ၁၀ | ၅ | ၁၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |
| ၃ | အရန်မီးသတ် | ၁☐ ၂✔ ၃☐ | ၅ | | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |
| ၄ | ကာလသားလူ ငယ်အဖွဲ့ | ၁☐ ၂☐ ၃✔ | ၁၀ | | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ <u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၅ | အမျိုးသမီးအဖွဲ့ | ၁☐ ၂- ၃☐ | | ၁၀ | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းထားသော်လည်း ကျေးရွာတွင်းသာရေးနာရေး ၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာသူ/သားများအားလုံး ကူညီလုပ်ကိုင် ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေး နိုင်သည်) |
|---|---|---|---|
| ၁ | ပက်မြန်မာ | ၁☐ ၂✔၃☐၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save

the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါ ယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ပြင်ပမှလာရောက်သည့် ပက်မြန်မာအဖွဲ့အစည်း (၁)ဖွဲ့သာရှိပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၇၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၉၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၀၃ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၄၆ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၄၁၉** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ များပြားသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ✔ ☐ |
| ၂ | ရေလွှဲဆည် | ၈၃၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်-<br>မဖြေဆိုပါ☐ | ရှိ✔ မရှိ☐ မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင်စီမံကိန်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☐မဖြေဆိုပါ ✔ ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☐မဖြေဆိုပါ ✔ ☐ |
| ၅ | အဝီစိတွင်း | ၂၀ | တစ်နှစ်ပတ်လုံး✔<br>ရာသီအလိုက်-<br>မဖြေဆိုပါ☐ | ရှိ✔ ☐ မရှိ☐မဖြေဆိုပါ ☐ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ✔ ☐မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ✔ ☐မဖြေဆိုပါ ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ✔ ☐မဖြေဆိုပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ဆည်ရေသောက်စနစ်ဖြင့် လယ်မြေများကို စိုက်ပျိုးကြပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၈၃၀ | တင်း | ၆၀ | ၈၀ | ၇၀ | ဝါဆို | နတ်တော် | မြင့်☐လတ်✔ နိမ့်☐ | မြင့်☐ လတ်✔ နိမ့်☐ |
| နှမ်း | ၁၀၀ | တင်း | ၅ | ၁၀ | ၇ | တပေါင်း | ကဆုန် | မြင့်☐ လတ်✔ နိမ့်☐ | မြင့်☐ လတ်✔ နိမ့်☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

